# သခင့်စကား

ဝိညာဉ်ရေးဂျာစာစောင်

သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင် သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။ ယော ၁၅း၇

အမှတ်စဉ် (၆၂) | အောက်တိုဘာလ | ၂၀၀၆ ခုနှစ် | မှတ်ချက် ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ထာဝရ သက်စမ်းရေ

ဒုစရိုက် အပြစ်နွံထဲမှာ ပျော်မြူးလို့နေလား၊
မင်းဘဝ မိုက်ပြစ်တွေကို ဆေးကြောဖို့ ပြန်လာခဲ့ပါ။
လောက စည်းစိမ်ထဲမှာ ယစ်မူးလို့နေလား၊
မမြဲသော လောကစည်းစိမ်ထဲ အချိန်မလွန်မီ ပြန်လာခဲ့ပါ။
မှားခဲ့သော အပြစ်အတွက် ဆေးကြောဖို့ အသင့်ဖြစ်ပြီလား။
အေးမြတဲ့ သခင့်မေတ္တာရိပ် ခိုလှုံဖို့ ပြန်လာခဲ့ပါ။
ရုန်းထွက်လိုက်ပါ အလင်းတန်းဆီသို့ ဘဝရဲ့ ငြိမ်သက်ခြင်းအတွက်
ထာဝရ သက်စမ်းရေကို ခံယူလိုက်ပါ။ ။ ( D.L )

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## အိမ်



ငါ – ကာလာစုံ အင်္ကျီ တစ်ထည်ဝတ်
ရွှတ်တွတ်တွတ် လုပ်ဖို့ ကြံစည်တဲ့အခါ
သူမ က ငိုတယ် ။
ငါ – လမ်းဆုံ လမ်းခွမှာ ရပ်
ဖြတ် ညှပ် ကပ် အိပ်မက်တစ်ခု မက်တဲ့အခါ
သူမ က ရယ်တယ် ။
ဘာဖြစ်ဖြစ် ကောင်းကင်မှာ
ငါ့အတွက် ပြင်ဆင်ထားတဲ့ အိမ်
ခပ်မှိန်မှိန် ဒိုင်ယာရီ စာအုပ်ကိုကောက်
သစ်သား၊ မြက်ခြောက်၊ ကောက်ရိုးတွေ မထည့်ဘဲ
ရွှေ၊ ငွေ၊ ကျောက်ကောင်းတွေ ပြည့်စေဖို့
ငါ ငယ်ငယ်က ဘိုးဘိုး မှာခဲ့ဖူးတယ် ။ ။ မောင်လမင်း

oooooooooooooooooooooooooooooooooooooooooooooooooo

## ouaocc:u

ကျွန်တော်ဟာ မိရိုးဖလာ ခရစ်ယာန် အသိုင်းအဝိုင်းမှ ဆင်းသက်လာခဲ့တဲ့ ထူးမခြားနား မိရိုးဖလာ ခရစ်ယာန်တစ်ဦး၊ ယုံကြည်ကိုးကွယ်မှု၊ ပေးဆပ် အသက်ရှင်မှု၊ အရာရာတိုင်းမှာလဲ ထူးခြားလေးနက်မှု မရှိဘဲ မိရိုးဖလာ ရေစီးကြောင်းထဲမှာဘဲ ကျင်လည်ကျက်စားကြီးပြင်းခဲ့သူ၊ ဒီလိုနဲ့ ဆယ်စုနှစ် သုံးခုနီးပါး အသက်ရှင်ပြီးတဲ့အခါမှာ လင်းရောင်ခြည်တစ်စ ( ကျွန်တော့် ဇနီးနဲ့ မိဘများရဲ့ တိုက်တွန်းအားပေးမှုကြောင့်) ဖျတ်ကနဲ ဦးနှောက်ထဲ ဝင်လာခဲ့တယ်။

ကျမ်းစာကို တာဝန်ကျေ ဖတ်ရုံလေးဖတ်၊ ဆုတောင်းမှုကို ပြုတယ်ဆိုရုံလေး ပြု၊ ဒါတွေ အားလုံး ပြည်ဖုံးကားချ၊ စိတ်သစ်လူသစ်နဲ့ စစ်မှန်သော ယုံကြည် ကိုးကွယ်သူတစ်ယောက်ဖြစ်ဖို့ တိုက်တွန်းနှိုးဆော်ခြင်း ခံရပါတယ်။ ဒါပေမဲ့ လူသားတို့ ထုံးစံအတိုင်း ဘုရားနဲ့ အပေးအယူ လုပ်ချင်တဲ့ ဆန္ဒရှိပြီး ဘုရားသခင်နဲ့ ဤသို့ အပေးအယူ လုပ်ခဲ့ပါတယ်။ ကျွန်တော် သမ္မာကျမ်းစာကို ပျက်ကွက်မှု မရှိဘဲ ၁၄ ရက် သေသေချာချာ ဖတ်နိုင်ခဲ့ရင် သုံးနှစ်လောက် မပြီးပြတ်နိုင်ဖြစ်ပြီး ဆိုင်းငံ့နေရတဲ့ ကျွန်တော့် အလုပ်တစ်ခုကို ကိုယ်တော်ရှင် ဤ ၁၄ရက် အတွင်း ပြီးပြတ်စေပါလို့ ဆုတောင်းခံခဲ့တယ်။ စိတ်ထဲမှာလဲ သံသယအပြည့်နဲ့ ကိုယ်တော်ရှင် ဒီကိစ္စကို အလိုတော် မရှိဘဲ၊ ပြီးပြတ်စေမှာ မဟုတ်ပါဘူးလို့ ထင်ခဲ့မိတယ်။ ကိုယ်တော်ရှင် မတတ်နိုင်မှာကို သံသယ ဖြစ်တာ မဟုတ်ဘဲနဲ့ ကိုယ်တော်ရှင် အလိုတော် မရှိမှာကိုဘဲ တွေးကြောက်နေတာ ဖြစ်တယ်။ အဲဒီ အချက်ကို ကိုင်ပြီး ကျွန်တော့်ကို အမြဲတမ်း လေးလေးနက်နက် ကျမ်းစာဖတ်ဖို့ တိုက်တွန်းနေတဲ့ ဇနီးနဲ့ မိဘတွေကို နောက်ထပ် **Push** မလုပ်အောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်လိုက်တာ ဖြစ်ပါတယ်။ ကျွန်တော့် ဇနီးကိုလဲ ဒီ ၁၄ ရက်အတွင်း ယခု ကိစ္စ မပြီးပြတ်ခဲ့ရင်တော့ ကျွန်တော့်ကို ကျမ်းစာဖတ်ဖို့ နောက်ထက် **Force** လုပ်ပြီး လာမခိုင်းနဲ့တော့၊ ဒီ ၁၄ရက် အတွင်းသာ မပြီးပြတ်ခဲ့ရင် ကျွန်တော် ကျမ်းစာ လုံးဝ မဖတ်တော့ဘူးလို့ပြောခဲ့ပါတယ်။ ဒါပေမဲ့လဲ ကျွန်တော် ထင်ထားတာတွေအားလုံး တက်တက်စင်အောင် လွဲခဲ့ရပါတယ်။ သုံးနှစ်လောက် မရေမရာနဲ့ မပြီးပြတ်ခဲ့တဲ့ ကိစ္စဟာ ရုတ်တရက် ကောက်ကာငင်ကာကြီး ၇ရက်အတွင်းမှာ ပြီးပြတ်သွားပါတယ်။

ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ အကြံအစည်တော်တွေဟာ ကြီးမြတ်လှပါတယ်။ ပြီးတော့လဲ ဖော်ပြပြီးခဲ့တဲ့အတိုင်း ကိုယ်တော်ဟာ အစမ်းသပ်ခံတဲ့ အသက်ရှင်တဲ့ဘုရား ဖြစ်ကြောင်းကို ကိုယ်တွေ့ အဖြစ်အပျက် အားဖြင့် သက်သေထူ လိုက်ပါတယ်။

( စာကြွင်း။ ။ သစ္စာဝတ်ကို ပြုပြီး မဖြေဘဲ မနေနှင့်ဟု ကျမ်းစာ လာသည့် အတိုင်း ယခုအခါ ကျွန်တော်သည် သမ္မာကျမ်းစာအား နေ့စဉ် အလေး အနက်ထား၍ ဖတ်ရှုကာ ကိုယ်တော်ရှင်၏ နှုတ်ကပါတ်တော်မြတ်ကို တိုက်ရိုက်ခံယူ လေ့ကျက်နေပြီ ဖြစ်ကြောင်းသက်သေခံလိုပါသည်။ )

ဘုရားသခင်၏ ကျေးဇူးတော်မြတ်၌ ... ( ငပို )

oooooooooooooooooooooooooooooooooooooooooooo

(ဧဒ္ဒါ့ထို–ပန်းနီနီ)

**အခန်း ( ၁)** ကျွန်မ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေပါတယ်။ သူ နဲ့ ကျွန်မရဲ့ ဖြစ်စဉ်တွေဘဲပေါ့နော်။ ဩော် – သူ ဆိုတာက ကျွန်မရဲ့ ထာဝရ မောင် ပေါ့။ အဲဒီ ထာဝရ ဆိုတာကလဲ ကျွန်မ ဘက်က တစ်ဘက်သတ် ယုံကြည် ခဲ့တာကိုး။ အရာအားလုံးဟာ အချိန်နဲ့ အမျှ ပြောင်းလဲနေတာမို့ မောင်နဲ့ ပတ်သက်တာတွေကို ကျွန်မ ကတော့ ရှုးသွပ်စွာ မေ့ထားခဲ့တယ်။ အဲဒါတွေဟာ ဘာ့ကြောင့်လဲ။ မောင့်ကို သိပ်ချစ်နေခဲ့လို့ပေါ့နော်။

ချစ်သူ ဘဝကတည်းက ကျွန်မက သူ့ကို မောင် လို့ခေါ် ခဲ့ပါတယ်။ ကျွန်မတို့ ငယ်ငယ်က မြန်မာဇာတ်ကားတစ်ကားရဲ့ နာမည် ရှိပါတယ်။ မြတ်နိုးတွယ်တာ ချစ်ရပါသော မောင် တဲ့ ။ အဲဒီ ဇာတ်ကားကို လုံးဝ မကြည့်ခဲ့ဖူးပေမဲ့ ဇာတ်ကား နာမည်လေးကိုကြိုက်လို့ မောင့်ဆီကို စာရေးတိုင်း မြတ်နိုး တွယ်တာ ချစ်ရပါသော မောင်ရေ လို့ ရေးနေကျပေါ့နော်။



ဟုတ်တယ် ကျွန်မ မြတ်နိုးတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ ကျွန်မရဲ့ အချစ်ဦး ဖြစ်နေလို့ပါဘဲ။ တွယ်တာတယ်၊ ကျွန်မရဲ့ ဘဝမှာ တွယ်တာ စရာ သူတစ်ယောက်တည်း ရှိနေခဲ့လို့ပေါ့။ ချစ်ရပါသော ဆိုတာ ကတော့ – ဟင်းဟင်းဟင်း သိပ်ချစ်ခဲ့လို့ပေါ့ရှင်။ အဲဒီ ကျွန်မရဲ့ မောင့်ကို မမျှော်လင့်ဘဲ ပိုင်ဆိုင်ခဲ့ရတာဟာ သူ ကျွန်မကို လက်ထပ်ခွင့် တောင်းတဲ့ နေ့က ပေါ့။

**အခန်း (၂)** ကျွန်မတို့ မြို့ရဲ့ ဆည်းဆာအချိန်၊ မြို့တော်ခန်းမ ရှေ့က ခုံတန်းရှည်မှာ ထိုင်ပြီး သီချင်းတစ်ပုဒ်ကို လိုက်ဆိုညည်းရင်း လက်ခုပ်တီးနေတဲ့ ကျွန်မရဲ့ လက်တွေကို ဖမ်းဆုပ်ပြီး လှိုက်လှဲတုန်ရီနေတဲ့ အသံနဲ့ "မ – မ ကို ကျွန်တော် လက်ထပ်ပါရစေနော်" လို့ပြောလာပါတယ်။ ကျွန်မ ကြောင်အမ်းစွာ မောင့်ကို ကြည့်နေမိတယ်။ မောင်က ဆက်ပြီး "ဒီရက်ထဲမှာဘဲ လူကြီးတွေကို အသိပေးပြီး လက်ထပ်ကြရအောင်နော်" ဘုရားရေ၊ မောင် ပြောနေတာမှ ဟုတ်ပါရဲ့လား။ ကျွန်မ မျှော်လင့်ခဲ့တဲ့ စကားတွေမို့ အံ့သြနေရင်းက "မောင် မောင် ဆုံးဖြတ်ပြီးပြီလား" "ဟုတ်တယ် မ၊ ကျွန်တော် ဆုံးဖြတ်ပြီးပြီ ကျွန်တော်တို့ ချစ်သူသက်တမ်းလဲ သုံးနှစ်တောင်ရှိပြီ ကျွန်တော်

လဲ မစောင့်နိုင်တော့ဘူး မ ရာ နော်" မောင့်ရဲ့ မျက်နှာကို မမြင်ဖူးသလို ကြည့်ရင်း ရယ်နေမိတယ်။ မောင်က ဆက်ပြီး "ပြီးတော့ မ ကိုလဲ စိတ်မချ တော့ဘူးဗျ ၊ မ က ဘာကြည့်နေတာလဲ ဖြေလေ" "ဟုတ်ပါပြီ မောင်က ဘာတွေ ဘယ်လို စီစဉ်မှာလဲ" "မ ကသာ အဖြေပေးလိုက်၊ အဲ သဘောတူ လိုက်ဗျာ ကျွန်တော် အားလုံး စီစဉ်ပြီးသားပါ နော် မ နော် နော်လို့ " "ဟုတ်ကဲ့ပါတဲ့ရှင် မောင့်သဘောပါတဲ့" လွတ်လပ်ပေါ့ပါးစွာ မောင်က ထခုန် ရင်း မြက်ခင်းပေါ် မှာ လှိမ့်နေပါတော့တယ်။ ကျွန်မ ကလဲ မောင့်ကိုကြည့်ပြီး ပျော်လို့ပေါ့လေ။

**အခန်း (၃)** အနည်းငယ်တော့ ထူးဆန်းနေမလားဘဲ ကျွန်မတို့ရဲ့ မင်္ဂလာပွဲကို လာတဲ့သူတိုင်း ထီးတွေ၊ မိုးကာ အင်္ကျီတွေ ကိုယ်စီနဲ့ပေါ့၊ မိုးရာသီ မကုန်ခင် ကာလမှာပေါ့နော်၊ မထင်မရှား ဘုရားကျောင်း အိုလေး ထဲက မင်္ဂလာပွဲလေးဟာ ကျွန်မ အတွက်တော့ သိပ်ပြီး ခမ်းနားတဲ့ နတ်ဘုံ နတ်နန်း တမျှပါဘဲ။ ကျေးဇူးတင်တယ်လေ၊ ဘုရားသခင်က ကျွန်မအတွက် မောင့်ကို ပေးလိုက်ပြီလေ။ ဒီတော့ ကျွန်မလောက် ပျော်ရွှင်တဲ့သူ ဘယ်မှာ ရှိနိုင်ပါ့မလဲ။

မင်္ဂလာ လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးတော့ မောင့်ရဲ့ လက်တွေ ဘာလို့တုန်နေတာလဲ၊ ကျွန်မရဲ့ လက်တွေ တုန်နေတာ ကတော့ ပျော်ရွှင်စွာ စိတ်လှုပ်ရှားနေခဲ့လို့ပေါ့။ သူငယ်ချင်းတွေရဲ့ နောက်ပြောင် ကျီစယ် မှုတွေ၊ သင်းအုပ်ဆရာတွေရဲ့ ကောင်းကြီးပေးမှုတွေ၊ မောင့်မိဘတွေရဲ့ အပြုံး တွေ၊ ပန်းကြဲတဲ့ မိန်းကလေးတွေဆီက ရောင်စုံပွင့်ဖတ်တွေ ... ဒါတွေဟာ တစ်ချိန် မှာ အရောင်မှဲ့ သွားလိမ့်မယ်လို့ ကျွန်မ လုံးဝ မမျှော်လင့်ခဲ့မိပါဘူး။

**အခန်း (၄)** ဒီဇင်ဘာလထဲ ဝင်လာပြီ ဆိုကတည်းက ကျွန်မတို့ရဲ့ သီးသန့် အိမ်လေးထဲမှာ ပတ်ဝန်းကျင်က ကလေးတွေ တော်တော်များများ ခရစ္စမတ်သီချင်း ကြိုတိုက်ကြရင်း စည်ကား လို့နေပါတယ်။ သီချင်းတွေ ရပြီ ဆို တာနဲ့ မောင်ရယ် ကျွန်မရယ် ကလေး တစ်အုပ်ရယ် ပျော်ရွှင်စွာနဲ့ ခရစ္စမတ် သီချင်းတွေ လှည့်ပတ်သီဆိုခဲ့ကြတယ်။ လမ်းဝေးဝေး မလျှောက်နိုင်တဲ့ ကလေးတွေကို ကျွန်မ က ချီ၊ မောင်က လည်ဂုတ်ပေါ်မှာ တင်ရင်း စက်ဘီး ကိုယ်စီနဲ့ နှင်းတွေ ကြားထဲမှာ ကြည်နူးခဲ့ ကြ တာပေါ့။

**အခန်း (၅)** ရန်ကုန်က အဖွားတစ်ယောက် နေမကောင်း ဖြစ်လို့ ကျွန်မ သွားကြည့်ပေးတာ ခြောက်လလောက် ကြာသွားခဲ့ပါတယ်။ အဲဒီ အချိန်အတွင်းမှာဘဲ မောင်နဲ့ ကျွန်မရဲ့ ကြားကို စာတန်နတ်ဆိုးဟာ လိမ်မာ ပါးနပ်စွာ ဝင်လာခဲ့ပါတော့တယ်။

**အခန်း (၆)** ရန်ကုန်က ပြန်ရောက်တော့၊ မောင်လာကြိုလိမ့်မယ်လို့ မျှော်လင့်နေခဲ့မိတာ၊ လာမကြိုခဲ့ပါဘူး။ အိမ်ပြန်ရောက်တော့ ခြံထဲမှာ မောင် ဂီတာ ထိုင်တီးနေတယ်။ အလွမ်းသီချင်း တစ်ပုဒ်ဘဲ။ ဘုရားရေ – ကိုယ့်မိန်းမ တစ်ယောက်လုံး ရပ်ဝေးက ပြန်လာပြီး ခြံထဲ ဝင်လာတာမောင်မမြင်ဘူး။ ဟင်း–သီချင်းကလဲ အလွမ်းသီချင်းကြီးဘဲ။ "ဟိတ် မောင် ဖြူ ပြန်လာပြီလေ" ကားစီး ပြန်လာခဲ့ရလို့ နွမ်းနယ်နေတဲ့ ကျွန်မဟာ မောင့်ဆီ တိုက်ရိုက် မသွား နိုင်သေးဘဲ၊ ရေအိုးစဉ်ထဲက ရေကို အရင် ပြေးခပ်ပြီး သောက် လိုက်ရပါတယ်။ ပြီးတော့မှ တစ်အိမ်လုံးရဲ့ မသပ်ယပ်မှုကို ရင်မောစွာနဲ့ ကြည့် နေမိပါတယ်။ နောက်တော့ ကျွန်မကို လုံးဝ ဂရုမစိုက်ဘဲ ဂီတာကို ညင်သာစွာ ဆော့ ကစားနေတဲ့ မောင့်ကို စိတ်ပျက်စွာကြည့်လိုက်မိပါတယ်။


မောင်က မြန်မြန်ပြန်လာခဲ့ဖို့ မှာတယ်။ ဖုန်းဆက်တယ်၊ အဖွား ကလဲ လက်လွှတ်လို့မရအောင် အခြေအနေ ဆိုးနေတယ်၊ ဒီကြားထဲမှာ ဖုန်းတောင် ကြာကြာ မပြောနိုင်တဲ့ အဖြစ်တွေကို မောင်မှ မသိတာကို ... ဘာဘဲ ဖြစ်ဖြစ် ချော့ရတော့မှာပေါ့နော်။

"မောင် စိတ်ကြီးဘဲ ဖြူ ပင်ပန်းလာတယ်၊ အများကြီး မချော့နိုင် ဘူး။ နည်းနည်းဘဲ ချော့မယ်နော် " အလိုက်မသိတဲ့ မောင်က ချော့နေတဲ့ ကျွန်မကို ထားခဲ့ပြီး ခြံပြင်ကို ထွက်သွားပါတော့တယ်။ ရင်မောစွာ ကျန်ခဲ့တဲ့ သူကတော့ ဖြူ ဆိုတဲ့ ကျွန်မ ဘဲပေါ့။

နောက်ရက်တွေမှာလဲ မောင် မှ မမှန်တော့ဘူး။ အိပ်မပျော်သေးတဲ့ ကျွန်မက မျက်စိမှိတ်ပြီး နေတုန်းမှာ မောင့်ဆီက သက်ပြင်းချသံတွေ၊ ကြားနေ ရပါတယ်။ ဟိုတုန်းကဆိုရင် "မောင့် လက်မောင်းပေါ် မ ခေါင်းတင်ပြီး အိပ်ပါ အဲဒါမှ မောင်က ချစ်မှာ" လို့ပြောခဲ့လို့ ဇက်ကြော အတက်ခံပြီး မောင့် အလို ကျ အိပ်ပေးခဲ့ရတဲ့သူလေ။ ခုတော့ ...

နောက်ရက်မှာ အိပ်ယာ ရှင်းတော့ ကျွန်မတို့ရဲ့ ကုတင်ခေါင်းရင်း မှာ ကောင်မလေးတစ်ယောက်ရဲ့ ဓါတ်ပုံနှစ်ပုံ တွေ့လိုက်ရတယ် " ဟယ် မောင်ရေ ဒီပုံလေးက ဘယ်သူလဲ ချစ်စရာလေးနော်" ဧည့်ခန်းမှာ တီဗွီဂိမ်း ထိုင်ကစားနေတဲ့ မောင်က နောက်ကို လှည့်မကြည့်ဘဲ "အဲဒါ မောင့်ညီမ ဝမ်းကွဲ ပုံပါ" လို့ ဖြေပါတယ်။ "ဩော် ဒါဆိုလဲ ဧည့်ခန်းမှာ ထားရောပေါ့ တော်ကြာ ဆေးတွေ ပျက်ကုန်အိုးမယ်" မောင်က အလန့်တကြား ထလာပြီး "ဟာ မလုပ်နဲ့ ထားလိုက်စမ်းပါ အရင်နေရာမှာဘဲ သွားပြန်ထားလိုက်စမ်းပါ ဗျာ" ဘုရားရေ မောင် ဘာဖြစ်တာလဲ ဒီ ဓါတ်ပုံလေးတစ်ပုံနဲ့ ကျွန်မကို ဒီ လောက် အော်စရာ မကောင်းပါဘူး။ မောင့်ရဲ့ မူမမှန်ပုံတွေ၊ သက်ပြင်းချသံ တွေဟာ ဒီမိန်းကလေးကြောင့်လား၊ တစ်ခါမှ မအော်ငေါက်ဖူးတဲ့ မောင့် အသံ တွေဟာ ... ။

ကျွန်မ ထိန်းလို့ မရတော့ပါဘူး၊ မျက်လုံးထဲမှာလဲ မျက်ရည်တွေ အပြည့်နဲ့မို့ ဘာမှ မမြင်ရတော့ပါဘူး။ "မောင် ဒီ ဓါတ်ပုံထဲက မိန်းကလေး ဟာ ဘယ်သူလဲ မှန်မှန်ပြောစမ်းပါ" မောင်က ကျွန်မ စကားကို ဘာမှ ပြန်မ



ဖြေပါဘူး။ စားပွဲပေါ်က ပန်းအိုးလဲ ကျွန်မ လက်ချက်စာ မိသွားပါတယ်။ ပန်းအိုးကွဲသံ၊ ကျွန်မရဲ့ ဒေါသသံတွေကို မောင်က သူနဲ့ မဆိုင်သလို ခြံထဲ ဆင်းပြီး ဂီတာတီး နေပါတော့တယ်။ ဆိုတဲ့ သီချင်းက "ကလေး" သီချင်း၊ ခံစားချက် အပြည့်နဲ့ မောင့်ရဲ့ အသံ၊ မျက်ရည်တွေနဲ့ ကျွန်မကို ဥပေက္ခာပြုပြီး အချစ် သီချင်းတစ်ပုဒ်ကို ခံစားချက် အပြည့်နဲ့ သီဆိုနေတာဟာ ကျွန်မရဲ့ မောင်မှ ဟုတ်ပါရဲ့လား။

**အခန်း (၇)** အဆင်မပြေမှုပေါင်း များစွာကို ဖြတ် သန်းရင်း ခြောက် လလောက် အကြာမှာတော့ မောင့် ခေါင်းအုံး အောက်မှာ မိန်းကလေးရဲ့ ဓါတ်ပုံ နောက်တစ်ပုံ၊ မောင်ဟာ ဒီလို ယောကျ်ားမျိုးလား၊ ကျွန်မ ချစ်မြတ်နိုးစွာ မှည့်ခေါ်ခဲ့တဲ့ မောင် ဆိုတဲ့ သူဟာ ဒီလိုလား။

ကျွန်မ သိပ်ဝမ်းနည်းမိပါတယ်။ ဟိုတုန်းက ပျော်ရွှင်စရာ ကောင်းခဲ့ တဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်လေးနဲ့ ချစ်ခြင်းမေတ္တာတွေဟာ ဒီ မိန်းကလေး ကြောင့် ပြိုကွဲ ပျက်ဆီးခဲ့ရပြီလေ။ ကျွန်မရဲ့ ရင်ထဲမှာလဲ သူ့ကို မောင် လို့ မခေါ်ချင် တော့ပါဘူး။ ဘာရယ် မဟုတ်ဘဲ ကောင်မလေးရဲ့ ဓါတ်ပုံတွေကို ကျွန်မ နေရာပြောင်းထားလိုက်ပါတယ်။ တစ်ရက် နှစ်ရက်လောက်နေတော့ ကောင်မလေး ဓါတ်ပုံတွေ ဘယ်မှာလဲ လို့မေးပါတယ်။ ကျွန်မလဲ မသိသလို နေရင်း တီဗွီအစီအစဉ်ကို စိတ်ဝင်စားဟန်ဆောင် နေလိုက်ပါတယ်။ "ကျွန်တော့်ရဲ့ ဓါတ်ပုံတွေရော" လို့ ကျွန်မ ရှေ့မှာ လာရပ်ပြီးမေးပါတယ်။ " ဘယ်သိ မလဲ" "ဟာ မသိလို့ ဘယ်ဖြစ်မလဲ ဒီအိမ်မှာ နှစ်ယောက်တည်း ရှိတာ" "မဟုတ်ပါဘူး ဘာဖြစ်တာလဲ ညီမ ဝမ်းကွဲပုံ ပျောက်တာများ ဖြစ်နေ လိုက်တာ" "ဘယ်မှာလဲ ခုပေးစမ်း" "ကောင်းပြီ ဒီလိုဆိုရင် အဲဒီမိန်းကလေး ဘယ်မှာနေလဲ" "မ နဲ့ ဘာဆိုင်လို့လဲ" မောင် ကျွန်မကို ဘာအရောင်မှ မပါဘဲ ကြည့်ပြီး မေးပါတယ်။ "ဟုတ်တယ် ကျွန်မနဲ့တော့ မဆိုင်ဘူး ဒါပေမဲ့ မောင်နဲ့ ဆိုင်နေတယ်လေ" မောင်က ကျွန်မ ထိုင်ခုံနား လာပြီး ကျွန်မ ပုခုံး နှစ်ဘက်ကို ကိုင်လှုပ်ကာ "ပေးမှာသာ ပေးစမ်းပါ မ ရာ၊ ကျွန်တော်နဲ့ လဲ ဘာမှ မဆိုင်ပါဘူး"

"မယုံနဲ့ အဲဒီ စကားတွေနဲ့ ချည်နှောင်လိမ့်မယ်" ကျွန်မ ကိုယ့် ဘာသာ ပြောရင်း ထိုင်ခုံက ထလာမိပါတယ်။ "ဘယ်မှာနေလဲ ဘယ်သူလဲ ဆိုတာ ပြောရင် နေရာမှန်မှာ ပြန်ရှာတွေ့လိမ့်မယ်။ မဟုတ်ရင် ..." မောင် စိတ်ဆိုးစွာနဲ့ ဆက်တီကို လက်သီးနဲ့ ထုပြီး အော်ပြောလိုက်တယ်။ " မပြော ဘူးကွာ ဘယ်တော့မှ မပြောဘူး" " အဲလို မပြောနဲ့လေ အဲဒီလို ဆက်သွား ရင် ကျွန်မတို့ နှစ်ယောက်လုံး စိတ်ညစ်ပြီး သေလိမ့်မယ် သိလား " မောင့်ရဲ့ ပုခုံးတွေကို ကိုင်လှုပ်ပြီး မျက်ရည်ဝဲဝဲကြားမှာ " မောင် စဉ်းစားမိရဲ့လား ကျွန်မတို့ဟာ သူငယ်ချင်းတွေလား၊ အကြင်လင်မယား ဖြစ်နေကြပြီ၊ ကျွန်မ တို့ ဘဝထဲကို နတ်ဆိုး အဝင်မခံပါနဲ့ကွယ် နော်" "ကျွန်တော့်ရဲ့ ဓါတ်ပုံတွေ ပြန်ပေးပါ ကျွန်တော်သွားရှင်းမယ်" " ဘယ်ဖြစ်မလဲ ချစ်သူ ဖြစ်နေသူချင်း ပေးတွေ့လို့ ဘယ်ဖြစ်မလဲ ရပါတယ်။ မောင် သွားရှင်းရင် ပိုရှုပ်သွားလိမ့်မယ် ကျွန်မ သွားပေးမယ်" "မဟုတ်ဘူး မ ရာ မဟုတ်ဘူး" " ဘာ မဟုတ်ရမှာလဲ

မောင် ရှင်းရင် မျက်နှာပူရလိမ့်မယ်။ ကျွန်မ အနေနဲ့ဆို ဘာမှ ဖြစ်စရာ မလို ဘူး”

**အခန်း (၈)** ဒီလိုနဲ့ ကောင်မလေး ရှိတဲ့နေရာကို ကျွန်မ ရောက် သွားခဲ့တယ်။ သူတို့ ရွာက ကျွန်မတို့နေတဲ့ မြို့နဲ့ နည်းနည်းဝေးတယ်။ နွေ အခါဖြစ်လို့ နေလဲ တော်တော်ပူပါတယ်။ ဒါပေမဲ့ ကျွန်မ ရောက်အောင် သွားခဲ့ပါတယ်။ အခန့်သင့်စွာဘဲ ကောင်မလေးကို သူ့အိမ်ရှေ့မှာ ဒိုးခုံတမ်း ကစားနေတဲ့ ကလေးမလေးအဖြစ် တွေ့ရပါတယ်။ ဘုရားရေ ဒီကလေးမလေး ကို မောင် ဘယ်လိုများ ဇာတ်လမ်း ရှာခဲ့ပါသလဲကွယ်။ ခပ်လှမ်းလှမ်း သစ်ပင် ရိပ်ကနေ လှမ်းကြည့်နေတဲ့ ကျွန်မကို သူမြင်ပုံ မပေါ်ပါဘူး။ အပြစ် ကင်းစင်တဲ့ သူဟာ မောင့်ရဲ့ ... အို ။ ကျွန်မရဲ့ ပြိုင်ဘက်လဲ မဟုတ်ဘူး။ ဆော့နေတဲ့ သူတို့ အုပ်စု ရှိရာကို လှမ်းသွားတော့ အုပ်စုထဲက ကလေးတစ်ယောက်က “မီးမီးရေ ဒီမှာ နင်တို့ အိမ်ကို လာတဲ့ ဧည့်သည်လား မသိဘူး” လို့ လှမ်းပြောတော့ သူ ဆော့နေရင်းက ကျွန်မကို လှမ်းကြည့်ပါတယ်။

ပြီးတော့ ကျွန်မဆီ ပြေးလာပြီး “ ဟာ အစ်မ ဝမ်းသာလိုက်တာ တစ်ယောက်တည်းလား၊ ဘယ်သူ လိုက်ပို့ သလဲ၊ အစ်ကိုစိုးရ ရော မပါဘူး လား” စကားတွေ အထပ်ထပ် ပြောရင်း ဝမ်းသာအားရ ဖြစ်နေတဲ့ သူ့ရဲ့ မျက်ဝန်းတွေ၊ ဒီ မျက်ဝန်းတွေနဲ့ ဆုံမိတုန်း မောင် တိမ်းညွှတ်သွားတာဘဲ။ မာန်တင်း ထားသမျှတွေ လျော့ကျသွားမှာစိုးတာကြောင့် အနည်းငယ် အားပြန်ထိန်းရင်း ...။ “မင်းက ငါ့ကို သိတယ် ဟုတ်လား” လို့ ခပ်တည်တည် မေးလိုက်တော့။ သူက ရိုးသားစွာဘဲ။ “ ဟာ သိတာပေါ့ အစ်မရဲ့ ၊ အစ်ကို စိုးရရဲ့ တစ်ဦးတည်းသော အစ်မ ဆိုလို့ အစ်မ တစ်ယောက်တည်းဘဲ ရှိတာ မသိလို့ ဘယ်ဖြစ်ပါ့မလဲ” ဩော် မောင်က မောင်နှမ လို့ပြောခဲ့တာပါလား၊ ကျွန်မရဲ့ လက်တွေကို ဆုပ်ကိုင်ထားတဲ့ ကောင်မလေးရဲ့ လက်တွေကို ကျွန်မ ခပ်ကြမ်းကြမ်းဘဲ ဖြုတ်ချလိုက်ပါတယ်။ ကျွန်မရဲ့ အပြုအမူကို နား မလည် နိုင်ပေမဲ့ လိမ်မာပါးနပ်တဲ့ သူဟာ “အစ်မ အိမ်ပေါ် တက်ပါအုံးနော် အမေ့ကို သွားခေါ်လိုက်အုံးမယ်” “အို – ရပါတယ်၊ သွားမခေါ်ပါနဲ့တော့ ခန နေပြီးရင် ပြန်မှာပါ” ဒီမိန်းကလေးကို မောင် ဘယ်လိုတွေ့ခဲ့ပါလိမ့်၊ ခုချိန်မှာ ကျွန်မ ကရော ဘယ်လို ပြောရပါ့မလဲ၊ ကျွန်မ စိတ် မတည်ငြိမ်စွာနဲ့ ဟိုဟိုဒီဒီ လှည့် ကြည့်မိတော့ သူ့ ဧည့်ခန်းနံရံမှာ အလို လက်ဝါးကပ်တိုင်ပေါ်မှာ သခင် ယေရှု အသေခံတဲ့ ပုံတော်ပါလား။ ဘုရားရေ၊ ကောင်မလေးဟာ ခရစ်ယာန် တစ်ယောက်ပါလား။

ဒါဆို သူနဲ့ ကျွန်မက ဝိညာဉ် ညီအစ်မတွေပေါ့။ စာတန်ရယ် ရက်စက်လိုက်တာ။ ဒီ မိန်းကလေး နုနုငယ်ငယ်လေးရဲ့ စိတ်နှလုံးထဲမှာ ဒဏ်ရာ အမာရွတ်တွေ မထင်စေချင်ပါ၊ ကျွန်မနဲ့ သူ့ရဲ့ ကိုကိုစိုးနဲ့ က တရား ဝင် ဇနီးမောင်နှံတွေဆိုတာ ပေးသိသင့်ပါ့မလား။ အို အဖ ဘုရားသခင် သမီးကို တည်ငြိမ်မှုပေးပါ။ ဘုရားသခင် ဆီမှာ ကျွန်မ ဆုတောင်းနေတုံးမှာဘဲ ကောင်မလေးက ရေနွေးကြမ်းနဲ့ ထန်းလျက်ခဲ လာချပေးရင်း “အစ်မ သောက်ပါအုံး မီးတို့ ဆီမှာ အစားအသောက် မပေါဘူး အစ်မကို အရမ်း အားနာတယ်” “သမီးလေးက ဘုရားသခင်ကို ယုံကြည်လား အလိုတော်ကို လက်ခံလား” သူ အနည်းငယ် ကြောင်အမ်းသွားပြီး ဖြေပါတယ်။ “ဟုတ်ကဲ့ အစ်မ” “ညီမကို ပြောသင့် မပြောသင့် ဆုတောင်းနေတာ” သူ့ မျက်နှာလေး တည်ငြိမ်သွားပြီး ကျွန်မကို ရေနွေးငှဲ့ပေးနေရင်းက “ပြောပါ အစ်မရယ် ဘုရား သခင်ရဲ့ အလိုတော်ကို ကျွန်မ ဝန်ခံနားလည်ပါတယ်” “ဒီကိစ္စက ညီမ အတွက်ရော အစ်မ အတွက်ပါ သိပ်အရေးကြီးနေတယ် ” ကျွန်မလဲ လက်ဝါး ကပ်တိုင်ထက်က သခင်ယေရှုပုံတော်ကို တစ်ချက် လှမ်းကြည့်ရင်း ဆုံးဖြတ် ချက် ချလိုက်ပါတယ်။ “ ညီမလေးရဲ့ အစ်ကိုစိုးရ နဲ့ အစ်မဟာ မောင်နှမတွေ မဟုတ်ဘူး” ကျွန်မလဲ ပြောရင်းက ကျွန်မတို့ မင်္ဂလာဆောင်တုန်းက ရိုက် ထားတဲ့ ဓါတ်ပုံတွေကို ထုတ်ပြလိုက်ပါတယ်။

ကောင်မလေးရဲ့ မျက်ဝန်းထဲမှာ အံ့ဩရိပ်နဲ့ ဒေါသ တစ်ချို့ကလွဲပြီး ဘာမှ မတွေ့ရတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်။ သက်ပြင်း ရှည်တစ်ခုကို ချပြီး “တော်သေးတာပေါ့ အခြေအနေတွေ မလွန်သေးလို့” ကောင်မလေးဟာ အရွယ်နဲ့ မမျှအောင် မာကြောတဲ့ နှလုံးသား ပိုင်ရှင်လေး ပါ။ “မီးကို အခုလို အသိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်မ၊ မီး သာ အစ်မ နေရာမှာဆို အခုလောက်ထိ သဘောထား ကြီးနိုင်မှာ မဟုတ်ဘူး” ပြုံးစစနဲ့ သူပြောရှာပါတယ်။ သူ့ရဲ့ အရွယ်နဲ့ အသိစိတ်ဓါတ်ကို ကျွန်မ လေးစားမိပါတယ်။

တဆက်တည်းမှာဘဲ အိမ်မှာ ကျန်နေခဲ့တဲ့ မောင်မင်းကြီးသားကို အလိုလို ဒေါသထွက်နေမိပါတယ်။ ဒီလို ဖြူစင် အပြစ်ကင်းစင်တဲ့ သူလေးကိုမှ ရေတိမ်မှာ မနစ်စေတာဟာလဲ ကျေးဇူးတော်ဘဲပေါ့။ ဘုရားသခင်ကယ်ပေလို့။ ကောင်မလေးကို နှုတ်ဆက်ပြီး ကျွန်မ ပြန်လာခဲ့ပါတယ်။ နွေနေ့လည်ခင်းဟာ အညှာအတာကင်းစွာ ပူပြင်းလို့ ကျွန်မ ရင်ထဲမှာလဲ နွေနေပူထက် ပြင်းတဲ့ အပူတွေ နဲ့ပေါ့။

ကျွန်မရဲ့ ခင်ပွန်းလိုဘဲ ယုံကြည်သူ ဖြစ်နေလျက်နဲ့ လမ်းမှားကို မက်မော သာယာမိမှာ စိုးရိမ်မိပါတယ်။ ကျွန်မရဲ့ ခင်ပွန်းဟာ ဘုရားသခင်ကို ဦးထိပ်ထားသူ မဟုတ်၊ ဘုရားဝတ်၌ မွေ့လျော်သောသူ မဟုတ်၊ ဘုရားသခင် ကို အသက်တာမှာ အရှင်သခင် အဖြစ် ထားသူ မဟုတ်တာကြောင့် စာတန် မာရ်နတ်က အလွယ်တကူ သူ့ရဲ့ ချစ်သူ အဖြစ် ရွေးချယ်လိုက်တာကို တွေ့ ရပါတယ်။ ဒါ့ကြောင့် ဘုရားသခင် ပြင်ဆင်ပေးတဲ့ ထမ်းပိုးကို မထမ်းချင်ဘဲ ထမ်းပိုး အသစ် ရှာထမ်းချင်တဲ့ ကိုစိုးရ ကို အိမ်ပြန်ရောက်တဲ့အခါ ကျမ်းပိုဒ် တစ်ပိုဒ်ကို အော်ကြီးဟစ်ကျယ် ဖတ်ပြလိုက်ချင်ပါတယ်။

ကျွန်မ မောင့်ကို ဖတ်ပြချင်တဲ့ ကျမ်းပိုဒ်ကတော့

**ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့ အပြစ်များကို လွှတ်၍ ခပ်သိမ်း ဒုစရိုက် ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့် လည်းကောင်း ဖြောင့်မတ်ခြင်း တရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏ ၁ယော ၁း၉** ဘဲဖြစ်ပါတယ်။ ။ မေတ္တာဖြင့် – – **ပန်းနီနီ ( ကရာနီ )**

---

## ခန္ဓာ ၊ စိတ် ၊ ဝိညာဉ် (သက်သေခံချက်–ဆူးရင့်စိမ်း)



အိပ်မက် မက်နေရလောက်အောင် အိပ်ပျော်နေခြင်းမျိုး မဟုတ် ပေ။ မိမိကိုယ်ကို သုံးသပ်ရင်း ဘုရားသခင် အား မေးခွန်း မြောက်များစွာ မေးနေခြင်း သာ ဖြစ်သည်။ အဘယ်လူသားမှ လက်မခံ ချင်ကြသည့် ခန္ဓာနှင့် စိတ် ပင်ပန်း ခြင်း များ စွာက ကျွန်မအား အပြိုင်အဆိုင် ထိုးနှက်နေ ကြလေသည်။ လောက၏ အရေး မှန်သမျှ အားလုံး ဖိတ်ခေါ်ခြင်း မရှိဘဲ ဤ တစ်ကြိမ် မှာတော့ အစုလိုက် အပြုံလိုက် ကျွန်မထံ ဝင်ရောက်ခဲ့လေသည်။ ထိုမျှလောက် ခက်ခဲ၍ လေးလံလွန်းသော လောကကြီးထဲတွင် ကျွန်မ အသက်ရှင် လိုစိတ် ကုန်ခမ်းသွားခဲ့သည်။ ထို့အတွက်ကြောင့် ကျွန်မ အား ဖြစ်ဘွားစေသော (သို့) အသက်ရှင် ပါသည်ဟု လုံးဝ ယုံကြည်ထားသော ထာဝရ ဘုရားသခင်နှင့် ကုတင်ပေါ်တွင် ငြိမ်သက်စွာဖြင့် အပြန်အလှန် စကားများပြီး စဉ်းစားဆင်ခြင် အဖြေရှာ ခဲ့လေသည်။ ရုတ်တရက် ကျွန်မ၏ ခန္ဓာကိုယ် တောင့်တင်း၍ လာသည်။ လှုပ်ရှားမှု မရှိတော့သလို ခံစား၍လည်း မရပေ။ သေပြီ ဟု ခန္ဓာ ပြင်ပသို့ ရောက်ရှိနေသော စိတ်က သတိပေးနေသည်။ ထိုနည်းတူ ခန္ဓာကိုယ် ထဲ၌လည်း အရာတစ်စုံတစ်ခုက သိသိသာသာပင် လျှပ်ကနဲ ရုတ်ကနဲ အပေါ်သို့ တက်သွားလေသည်။ “ဝိညာဉ်” ဖြစ်သည်ဟု ခန္ဓာနှင့် ဝိညာဉ် နှစ်ခုကြားမှ စိတ်က ဖော်ပြလေသည်။

စိုးရိမ်ကြောက်ရွံ့မှုဖြင့် ကျွန်မ၏ စိတ်မှာ ပြာပြာသလဲ ဖြစ်လာပြီး “ငါ့ ဝိညာဉ် ထွက်သွားပြီ ၊ ငါသေပြီးတော့ အခု ဘုရားဆီ ရောက်သွားရင် သူမေးတဲ့ မေးခွန်း ငါဘယ်လို ဖြေရမလဲ၊ သူ့အကြံအစည်နဲ့ သူ့ အလိုတော် ကြောင့် ဟောဒီ လောကကြီးထဲမှာ ငါ အသက်ရှင်နေရတာ။ သူခိုင်းတာကို ဘာ တစ်ခုမှလဲ မလုပ်ရသေးပါလား။ ငါသေလို့ မဖြစ်သေးဘူး။ သူ့အတွက် ငါ့ကို အသက်ရှင်ခိုင်းသေးတယ်။ ငါအသက်ရှင် ရအုံးမယ်။ ငါ့ဝိညာဉ် ပြန်လာပါ။ ငါ့အထဲကို ပြန်ဝင်လာပါ ”လို့ ကျွန်မ စိတ်ထဲက အော်ခေါ်လို့ အပြီးမှာတော့ ခန္ဓာကိုယ်မှ လက်ချောင်းကလေးများ စတင် လှုပ်ရှားလာပါ တော့တယ်။ လန့်ဖြန့်သွားပြီး ၊ “ဟယ် ငါ တကယ် မသေဘူးတော့” ဟု ဆိုကာ မိမိကိုယ်ကို ပြန်လည် စမ်းသပ်ပြီး ကျွန်မ သတိပြန်၍ ဝင်လာခဲ့ပါ သည်။

ချစ်သော စာဖတ်သူများရှင်၊ ကျွန်မ ရေးစရာ အကြောင်းမရှိ၍ ကြံဖန်ရေးခြင်း မဟုတ်ပါ။ ငယ်စဉ် ကလေးဘဝ ကတည်းက အမေးအမြန်း အတိုင်အတော ထူသော ကျွန်မ စိတ်ထဲတွင် မကျေနပ်ချက်များ ရှိပါကလည်း ဘုရားသခင်အား အကြိမ်ကြိမ် ရင်ဖွင့်တတ်သည့် ကျွန်မ။ ကျွန်မအား

ကရုစိုက်၍ ချစ်ပါသည်ဟု အာမခံ ကတိပေးနေသော ထိုအရှင်အား ပို၍ပို၍ သိချင်နေသော ကျွန်မကို ဘုရားသခင်မှ ဖော်ပြလိုက်ခြင်းသာ ဖြစ်သည်။ လူ၏ ကိုယ်တွင် ခန္ဓာ၊ စိတ်၊ ဝိညာဉ် တည်းဟူသော အရာ သုံးပါးဖြင့် ဖွဲ့စည်းထားကြောင်း ပိုင်ရှင်မှာလဲ ဘုရားသခင် ဖြစ်ကြောင်း သူ့အလိုတော်ကြောင့် လောကတွင် ကျွန်မ အသက်ရှင်နေရခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ လူသားများမှာ အချိန်မတန်သော်လည်း အိမ်ပြန်ချင်စိတ်များ ပေါ်ပေါက်လာတတ်ကြသော်လည်း အထက်အရပ်မှ ခေါ်ဆောင်ခြင်း မရှိလျှင် အကြောင်းအရင်း ရှိနေသောကြောင့် မနေချင် တော့သော်လည်း ဆက်လက် နေရအုံးမည် ဖြစ်သည်။ အချိန်တန်လျှင် အိမ်ပြန်ရမှာ ကျိန်းသေပါသည်၊ မကျိန်းသေသည့်အရာကတော့ ယုံကြည်သူများဖြစ်ပါက အိမ်ပြန်ရောက်လျှင် “လောကကြီးထဲကို ဧည့်သည်အဖြစ် ငါအလည် သွားခိုင်းတာ ငါ့အတွက် မင်း ဘာလက်ဆောင် ယူလာခဲ့သလဲ”လို့ အိမ်တော် ပလ္လင်ပေါ်မှာ ထိုင်နေ တော်မူသော ကျွန်မတို့နဲ့ သက်ဆိုင်သူရဲ့ အမေးကို ဖြေနိုင်ပါမည်လား။ (သို့) နေစရာအိမ်မရှိဘဲ ဘယ်သွားရမှန်း မသိသော ဝိညာဉ်လေးတွေရော နေရာ အမှန်အတည်တကျရှိပြီလား။ တွေးတော ဆင်ခြင်သုံးသပ်ကြဖို့ရန် ကျွန်မ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အား အကြံအဖန်မပါဘဲ မရေးမဖြစ် ရေးသား၍ သက်သေခံ တင်ပြလိုက်ပါသည်။ မိတ်ဆွေ ခန္ဓာနှင့် စိတ် ပင်ပန်းမှုကြောင့် ငြီးတွားခြင်းဖြင့် အချိန် မကုန်စေပါနဲ့။ ထိုအထဲ၌ ချီးမွမ်းခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေပါ။ ။ စာဖတ်သူများအား လေးစားလျှက်

**ဆူးရင့်ခိုမ်း** ( ခေတ္တ ကမ္ဘာမြေ )

ဖတ်ရှုဆင်ခြင်လေ့လာရန် –၂ကော ၄း၁၆ ၊ ၂ကော ၅း၁–၁၀

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## ဘယ်လောက်များလုံခြုံနိုင်မှာလဲ

ပြီးခဲ့တဲ့ ဇွန်လ ၂၃ ရက်နေ့ ၂၀၀၆ မှာ၊ စာရေးသူ အလုပ်ကို သွားတဲ့ တစ်မနက် **Novena MRT** ကိုရောက်လို့ **MRT** က ထွက်ထွက်ခြင်းမှာ မယုံနိုင်စရာ အံ့သြရလောက်အောင် ခေါင်မိုးအပေါ်မှ ရေတွေဒလဟော စီးဆင်းကျလာသလို၊ လှေကားတွေ၊ စက်လှေကားတွေမှ တစ်ဆင့်ရေတွေဟာ ရေပန်းကျလာသလို ဒလဟော စီးကျလာပါတယ်။ ရေတွေစီးကျလာလို့၊ ကြမ်းပြင်ပေါ်မှာလည်း ရေတွေအိုင်ပြီး၊ ခြေမျက်စိလောက် အထိ ရေကူး ရပါတယ်။ စာရေးသူလည်း အလုပ်နောက်ကျမှာစိုးလို့၊ ခြေစွပ်နဲ့ ဖိနပ်ကို ချွတ်၊ လက်က ကိုင်ပြီး၊ လှေကားကနေ ဒလဟော ကျဆင်းလာတဲ့ ရေတွေကို ဆန်တက်ပြီး၊ အပေါ်ကို တက်ခဲ့ပါတယ်။ အပေါ် **Station Control** မှာလည်း ဝင်ပေါက်၊ ထွက်ပေါက်တွေ အားလုံး ဖွင့်လျက် လက်မှတ်ဖြတ်လို့ မရပါဘူး။ တာဝန်ရှိသူများလည်း ဟိုပြေး၊ ဒီပြေး၊ ဟိုအော်၊ ဒီအော်နဲ့၊ ရှုန်းရင်းဆန်ခတ် ဖြစ်နေပါတယ်။



စာရေးသူ စင်္ကာပူမှာ နေလာတဲ့တစ်လျှောက် ဒီလို တစ်ခါမှ မကြုံခဲ့ဘူးပါ။ စင်္ကာပူ နိုင်ငံသားတွေဟာ သူ့နိုင်ငံ လုံခြုံဖို့ အတွက် အမျိုးမျိုးကြိုတင် ကာကွယ်ကြပါတယ်။ အိမ်ဖော် လာလုပ်တဲ့သူတွေဆိုလည်း အလုပ်မဝင်ခင် ဖြေလိုက်ရတဲ့ စာမေးပွဲ၊ ရည်ရွယ်ချက်ကတော့ အိမ်၊ ပရိဘောဂနဲ့ ကလေးတွေ လုံခြုံရေးအတွက် သိသင့်သိထိုက်သော အရာ၊ လုပ်သင့်လုပ်ထိုက်သော အရာများ တတ်သိနားလည်ပြီး အိမ်အတွက်၊ ကလေးတွေအတွက် လုံခြုံခြင်းရှိဖို့၊ အလုပ်မှာဆိုလည်း **Fire safety, Patient Safety, Staff Safety, Safety , Safety, Safety First.** တဲ့၊ ကဲ – ဘယ်လောက်များ လုံခြုံနိုင်မှာလဲ။ လုံခြုံရေးတွေ ဘယ်လောက်ပဲ ထားထား၊ လုပ်လုပ်။ ဘယ် တိုင်းနိုင်ငံမှ တည်ငြိမ်လုံခြုံမှု မရှိပါဘူး။ စစ်ဖြစ် နေကြတယ်။ သတ်ဖြတ် နေကြတယ်။ အကြမ်းဖက်မှု အမျိုးမျိုးတွေနဲ့ လက်စားချေ နေကြတယ်။ မီးတောင် ပေါက်ကွဲလို့ သေကြေပျက်စီးဆုံးရှုံး ကြရတယ်။ **Tsunami** မြေငလျင်လှိုင်းကြောင့် ပျက်စီးနစ်နာမှု၊ ဆုံးရှုံးသေကြေမှု၊ မီးလောင်မှုတွေဟာ နိုင်ငံတိုင်း၊ နေရာတိုင်းမှာဖြစ်ပျက်နေကြပါတယ်။ ကျွန်မတို့ နေထိုင်နေတဲ့ စင်္ကာပူနိုင်ငံရော ဒီလို အနိဋ္ဌာရုံတွေ မဖြစ်နိုင် လောက်အောင် လုံခြုံမှုရှိပါသလား။

မြေအောက်ထဲမှာ ရထား စီးနေရင်း၊ အပေါ်က ရေပိုက်ခေါင်းပေါက်လို့ ရေတွေ အတားအဆီး မရှိ၊ ထိန်းမရ၊ သိမ်းမရ၊ ဒလဟော စီးကျလာလို့၊ မြေအောက်ထဲမှာရေကြီးပြီး ပိတ်မိနေလို့ ထွက်မရဖြစ်နေခဲ့ရင် … ဘယ်လိုလဲ။ ဘဝ အသက်တာ၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ် ဘယ်နေရာမှာမှ လုံခြုံမှု မရရှိနိုင်ပါ။ ရှာ မတွေ့နိုင်ပါ။

ဒါပေမဲ့လည်း လုံခြုံမှုကို ပေးနိုင်တဲ့ အသက်ရှင်တော်မူသော ထာဝရ ဘုရားသခင်ရှိတယ်။ ထိုသခင်ကို ကိုးစားပြီး ခိုလှုံလျှင် ယခုဘဝ အသက်တာ လုံခြုံခြင်း ရရှိသည်သာမက၊ ထာဝရ အသက်တာ လုံခြုံခြင်းကိုပါ ရရှိ ခံစားရမှာဖြစ်ပါတယ်။

ထိုသခင်ကို ကိုးစားပါ။ ခိုလှုံပါ။ အပ်နှံပါ။ အသက်တာ ထူးခြားလုံခြုံ စိတ်ချမှု၊ ငြိမ်သက်ခြင်း ကောင်းကြီး မင်္ဂလာ ရရှိပါလိမ့်မယ်။

**“အမြင့်ဆုံးသော ဘုရား၏ ကွယ်ကာရာ ဌာနတော်၌ နေသောသူသည် အနန္တ တန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။” ဆာလံ ၉၁း၁**

**“သင်၏ အနားမှာ လူတစ်ထောင်၊ သင်၏ လက်ယာဘက်မှာ လူတစ်သောင်း လဲသော်လည်း၊ သင့်ကို မထိမခိုက်ရ။” ဆာလံ ၉၁း၇**

**နန်းခင်ဖြူ**

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## လှုပ်ရှားခြင်း နှင့် စိတ်ချမှု (တိုက်တွန်းနှိုးဆော်ချက်)

ယနေ့ လောကီလူသားများဟာ မိမိတို့ရဲ့ လက်ထဲမှာ ရှိသော စည်းစိမ်၊ ရာထူး၊ ကြွယ်ဝခြင်း၊ အောင်မြင်ခြင်းများအားဖြင့် မှားယွင်းစွာ စိတ်ချ နေတတ်ကြပါတယ်။ ဆာလံ ၁၀း၂–၇ ၌ လေ့လာကြည့်မည်ဆိုလျှင် မတရားသောသူ လောကီသားများရဲ့ စိတ်သဘောထားကို တွေ့ရမှာ ဖြစ်ပါတယ်။ အငယ် ၆ ၌ **“ငါသည် အစဉ်မရွေ့ရ ၊ ဆင်းရဲခြင်းသို့ မရောက်ရဟု အောက်မေ့ တတ်ပါ၏”** လို့ သူ့ရဲ့ စိတ်ချမှုအပေါ် ပြောဆိုထားခြင်းကို တွေ့မြင်ရပါတယ်။

ထိုနည်းတူ ဘုရားရှင် ရွေးကောက်ထားတဲ့ ဘုရားရှင်ရဲ့ သားသမီးများသည်လည်း လွဲမှားစွာ စိတ်ချနေတတ်ကြပါတယ်။ ဆာလံ ၃၀း၆ ၌ ဒါဝိဒ်မင်းကြီးက **“ ငါသည် လှုပ်ရှားခြင်းနှင့် အစဉ် ကင်းလွတ် လိမ့်မည်ဟု ကောင်းစားစဉ်အခါ အကျွန်ုပ် အောက်မေ့ပါ၏”** လို့ဝါကြွားထားပါတယ်။ ဒါဝိဒ်မင်းကြီး ကဲ့သို့ပင် ကျွန်ုပ် တို့လည်း ကောင်းစားစဉ်အခါ၊ ကြွယ်ဝ စဉ်အခါ၊ အောင်မြင် စဉ် အခါ ထိုအရာများပေါ်၌ ယစ်မူး၍ လွဲမှားစွာဖြင့် စိတ်ချ နေတတ် ကြပါတယ်။ အရင်းအမြစ်ဖြစ်သော ဘုရားရှင်ကို မေ့လျော့ကာ မြင်တွေ့နေ ရသော အရာများအပေါ် စိတ်ချမှု ထားတတ်ကြပါ တယ်။

ဘုရားရှင်က ကျွန်ုပ်တို့ကို ထိုစိတ်ချမှုသည် မှားယွင်းကြောင်း၊ ထာဝရ မတည်မြဲနိုင်ကြောင်း၊ ကောင်းကြီး မင်္ဂလာထက် ကောင်းကြီး မင်္ဂလာကို ပေးပိုင်သူအပေါ် ၌သာ စိတ်ချမှု ထားသင့်ကြောင်း သွန်သင်လျှက် ရှိပါတယ်။ ကျွန်ုပ်တို့ လွဲမှားစွာ စိတ်ချမှု ရှိလာလျှင် ဘုရားရှင်သည် ကျွန်ုပ်တို့ စိတ်ချမှုထားသော အရာများကို ရွေ့ပစ်နိုင်ပါတယ်။ ကောင်းကြီး ချမ်းသာ၌ ဆင်းရဲဒုက္ခ၊ ကျန်းမာခြင်း၌ နာဖျားခြင်း၊ အောင်မြင်ခြင်း၌ ကျဆုံးခြင်း၊ စသည်အားဖြင့် အစားထိုးလျှက် ကျွန်ုပ်တို့၏ မှားယွင်းသော စိတ်ချမှုများကို မြင်လာဖို့ သွန်သင်နိုင်ပါတယ်။

**ဆာလံ ၃၀း၇ – အို ထာဝရဘုရား ကျေးဇူးတော်အားဖြင့်သာ အကျွန်ုပ်၏ တောင်သည် ခိုင်ခံ့မြဲမြံရပါ၏။ မျက်နှာ လွှဲတော်မူသောအခါ ဆင်းရဲခြင်းသို့ ရောက်ပါ၏ ။**

**ဒေသနာ ၇း၁၄ – ကောင်းစားသည့် ကာလ၌ ဝမ်းမြောက်လော့၊ ဆင်းရဲခံရသည့် ကာလ၌ ဆင်ခြင်လော့။ လူသည် မိမိနောက်မှာ ဖြစ်လတ္တံ့သော အမှုအရာကို သိမည့်အကြောင်း ဘုရားသခင်သည် ကောင်းစားခြင်းနှင့် ဆင်းရဲခြင်း ကို အလှည့်လှည့် ပေးတော်မူ၏။**

အမှန်စင်စစ် အကျွန်ုပ်တို့ တည်မြဲနေရခြင်းသည် ကောင်းကြီးများကြောင့် မဟုတ်ပါ။ ကောင်းကြီးပေးပိုင်သူ၏ ကွယ်ကာထားမှုကြောင့် ဖြစ်ပါတယ်။ မြင်ရသော ကောင်းကြီးများဟာ ရွေ့လျော့ ပျက်စီး သွားနိုင်ပါတယ်။ သို့သော်ငြားလဲ ကောင်းကြီးပေးပိုင်သူအား အစဉ် ကိုးစားလျှင် မရွေ့လျော့ မပျက်စီးနိုင်သော တည်မြဲခြင်း၌ အစဉ်ရှိနေမှာဖြစ်ပါတယ်။

**ဆာလံ ၁၆း၈–၉ ။ ငါသည် ထာဝရဘုရားကို အစဉ်မပြတ် မျက်မှောက်ပြု၏ အကြောင်းမူကား ငါ့လက်ယာဘက်၌ တည်ရှိတော်မူသည်ဖြစ်၍ ငါသည်**

**လှုပ်ရှားခြင်း မရှိရ။ ထို့ကြောင့် ငါ့စိတ်နှလုံးသည် သာယာခြင်း ငါ့ဝိညာဉ် သည်လည်း ရွှင်လန်းခြင်းရှိ၏။**

ယနေ့ ယုံကြည်သူ အယောက်စီတိုင်းတို့သည် မိမိ ပိုင်ဆိုင် ထားသော ကောင်းကြီးများအပေါ် စိတ်ချမှု ထားခြင်းထက် အရာခပ်သိမ်း အပေါ် အုပ်စိုးပေးပိုင်သော ဘုရားရှင်အပေါ် စိတ်ချမှု ထားခြင်းကို ဘုရားရှင်က လိုလားလျှက် ရှိပါတယ်။

**ဆာလံ ၅၅း၂၂ – ထမ်းရွက်ရသော ဝန်ကို ထာဝရဘုရား၌ ချထားလော့ သင့်ကို မစတော်မူမည်။ ဖြောင့်မတ်သောသူကို အစဉ်အမြဲ လှုပ်ရှားစေတော်မမူရာ။**

**ဆာလံ ၃၁း၁၄–၁၅ – သို့သော်လည်း ထာဝရဘုရား ကိုယ်တော်ကို အကျွန်ုပ် ကိုးစားပါ၏ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင် ဖြစ်တော်မူသည်ဟု အကျွန်ုပ် လျှောက်ဆိုပါ၏ အကျွန်ုပ်၌ ဖြစ်လေသမျှသော အမှုအရာတို့ကို ကိုယ်တော် စီရင်ပိုင်တော်မူ၏**

ချစ်သော မိတ်ဆွေ ... သင် ဘယ်အရာကို ရွေးချယ် ရပ်တည်မှာလဲ။ သင်၏ စိတ်ချမှုကို ဘယ်အပေါ်မှာ ထားမှာလဲ။ ရွေ့လျား ပျက်စီးနိုင်၍ မတည်မြဲသော လောကအရာများ အပေါ်၌လား။ အရာခပ်သိမ်းကို စီရင်ပေးပိုင်၍ ထာဝရကာလ မပြောင်းမလဲ တည်ရှိသော ထာဝရ အရှင် ဘုရားသခင် အပေါ်၌လား။ သင်၏ ရွေးချယ်ရပ်တည်မှုသည် သင်၏ လှုပ်ရှားခြင်းနှင့် စိတ်ချမှုကို အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။

**ဆာလံ ၃၁း၁၉ – ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့အဖို့ သိုထားတော်မူ၍ လူသားတို့ရှေ့မှာ ကိုယ်တော်ကို ခိုလှုံသောသူတို့အဖို့ ပြုပြင်တော်မူသော ဆုကျေးဇူးတော်သည် အလွန်ကြီးလှပါ၏။**

**တာမဏာ ( ကျေးဇူးတော် )**

ဝန်ခံချက် ။ ။ ၂–၈–၂၀၀၆ ၌ မိတ်သဟာယ တစ်ခုတွင် ဟောပြောခဲ့သော ဆရာတစ်ဦး၏ တရားဒေသနာအား မိမိခံစား ရသည့် အတိုင်း ပြန်လည်ရေးသားဝေမျှခြင်း ဖြစ်ပါသည်။)

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## ကျွန်တော် နှင့် ခွေးလှေးယားသီး (မင်းအောင်သက်လွင်)

ခွေးလှေးယားသီးကို ကျွန်တော် မမြင်ဖူးပါဘူး။ ခွေးလှေးယားသီး ကြောင့် ယားတဲ့ အတွေ့အကြုံကိုတော့ ကောင်းကောင်း ခံစားဖူးပါတယ်။ ကလေး ဘဝက ဆော့ကြရင်း ခွေးလှေးယားသီး သုတ်ထားတဲ့ အုတ်ခုံပေါ် ထိုင်မိတုံးက အနေရ အထိုင်ရ ခက်အောင် ယားခဲ့ဖူးတာ ခွေးလှေးယားသီး ကြောင့်မှန်း လူကြီးတွေ ပြောလို့ သိခဲ့ရပေမဲ့ အသီးကိုတော့ မမြင်ဖူးခဲ့ပါ။ နောင်တစ်ချိန်မှာတော့ အဲဒီ ခွေးလှေးယားသီးကြောင့် တစ်သက်လုံး မမေ့နိုင်တဲ့ အတွေ့အကြုံနဲ့၊ သင်ခန်းစာ တစ်ခု ရလိမ့်မယ်လို့ ကလေးဘဝတုံးက ကျွန်တော် ထင်မထားမိခဲ့ဘူး။ "ကျွန်တော် နှင့် ခွေးလှေးယားသီး" ဇာတ်လမ်း စခဲ့ရတာကတော့ ဒီလိုပါခင်ဗျာ။

ဆယ်တန်းရောက်လို့ ပထမအစမ်း စာမေးပွဲ ဖြေပြီးတဲ့ အချိန်မှာ အမေက ကျွန်တော် ဆယ်တန်းအောင်ရင် တက္ကသိုလ် ဆက်ထားနိုင်ဖို့ ဝင်ငွေ မရှိတဲ့ အတွက် ကျောင်းထွက်ဖို့ ပြောပါတယ်။ စာသင်ရတာကို ကျွန်တော် ပျော်ပေမဲ့ မိသားစု စားဝတ်နေရေးကြောင့် ကျောင်းထွက်ရမှာကို ကျွန်တော် အရမ်း ဝမ်းနည်း ခဲ့ပါတယ်။

ဆယ်တန်း အတန်းတင် စာမေးပွဲကို ဆက်မဖြေဘဲ တစ်ဝက် တစ်ပျက်နဲ့ ကျောင်းထွက်ပြီး နိုင်ငံခြားတိုင်းပြည်ကြီးတစ်ခုနဲ့ ဖက်စပ်ဖွင့်တဲ့ စက်မှု သင်တန်းကျောင်းကို တက်ရောက်ပြီး စက်မှုပညာသင်ဖို့ အမေနဲ့ အဖေက အကြံပေးပါတယ်။ ဆယ်တန်းကျောင်း မထွက်ခင်နဲ့ စက်မှုကျောင်း မတက်ခင် ကတည်းက ကျွန်တော် ဘုရားသခင်ဆီမှာ ဆုတောင်း ဆက်ကပ်ခဲ့ ပါတယ်။ ဘုရားသခင် အလိုတော်ရှိရင် ပညာရေးကျောင်းက ထွက်ပြီး သက် မွေးဝမ်းကျောင်းကို တက်နိုင်ဖို့ပေါ့။ ဆယ်တန်း အတန်းတင်စာမေးပွဲ အတွက် စာမေးပွဲ ဖြေဆိုခွင့် **Form** တင်လိုက်ပြီး ဖြစ်တဲ့အတွက် ခုံနံပါတ် ထွက်နေ ပါပြီ။ တစ်ဘက်ကလဲ စက်မှုကျောင်း ဝင်ခွင့်စာမေးပွဲကို စာတွေ့၊ လက်တွေ့၊ ကိုယ်ကာယ နဲ့ စိတ်ပညာ ကျန်းမာရေး စာမေးပွဲတွေ သွားဖြေနေရပါတယ်။ စက်မှုကျောင်း တက်ခွင့် စာမေးပွဲအောင်ပြီး တက်ခွင့်ရတာနဲ့ ကျွန်တော် ဆယ်တန်းကျောင်းကို ဆက်မတက်ဘဲ၊ စက်မှုကျောင်းမှာ ကျောင်းအိပ် ကျောင်းစားနဲ့ နေထိုင် ပညာသင်ဖို့ တညင် ( သန်လျင်မြို့) ကို ထွက်ခွာလာ ခဲ့ပါတယ်။

ရန်ကုန် ဆိပ်ကမ်းကနေ သင်္ဘောစီးပြီး သွားရင် ၄၀မိနစ် လောက်အကြာမှာ တညင် (သန်လျင်) ကို ရောက်ပါတယ် (အဲဒီတုံးက ရန်ကုန်–သန်လျင် တံတား မဆောက်ရသေးပါ)။ အဲဒီက နေမှ တဆင့် တညင် ကျောက်တန်းကား စီးပြီး မိနစ် ၃၀လောက်အကြာမှာ တညင် (သန်လျင်) စက်မှု သင်တန်းကျောင်းကို ရောက်ပါတယ်။

နိုင်ငံခြား တိုင်းပြည်နဲ့ ဖက်စပ်ပြီး ဒီ သန်လျင် စက်မှုသင်တန်း ကျောင်းကို ကျွန်တော် တက်တဲ့နှစ်မှာ အမှတ်စဉ်(၁) အဖြစ် ဖွင့်လှစ်မှာမို့ လူ တော်တော်များများ စိတ်ဝင်စားနေကြပါတယ်။ စက်ပစ္စည်း၊ ကိရိယာ တန်ဆာပလာ၊ အိပ်ယာထိုင်ခင်း၊ ယူနီဖောင်းဝတ်စုံ၊ ပန်းကန်ခွက်ယောက် အားလုံးကို သင်တန်းကျောင်းက အခမဲ့ စီမံပေးပြီး သင်တန်းကာလမှာ ၃နှစ် ကြာမြင့်မှာ ဖြစ်ပါတယ်။

ပထမ ဖလမှာ အပြင်ထွက်ခွင့် မရှိဘဲ နောက်ပိုင်းမှာ တစ်ပါတ် တစ်ခါ စနေနေ့ နဲ့ တနင်္ဂနွေနေ့တွေမှာ မနက် ၇ နာရီမှ ညနေ ၇ နာရီ **Out pass** ( နေ့ချင်းပြန် ထွက်ခွင့်) နဲ့ စနေနေ့ မနက် ၇နာရီမှ တနင်္ဂနွေနေ့ ည ၇နာရီ အထိ **Night pass** ( ညအိပ် ထွက်ခွင့်) ထွက်ခွင့် နှစ်မျိုး ပေးပြီး အိမ်ပြန်လည်ပတ်ခွင့် ပေးထားပါတယ်။ ရန်ကုန် တိုင်း အနီး တဝိုက်က ကျောင်းလာတက်တဲ့ သူ တော်တော်များများဟာ **Night pass** ထွက်ပြီး အိမ်မှာ တစ်ပါတ် တစ်ည ပြန်အိပ်လေ့ ရှိကြပါတယ်။ နယ်က ကျောင်းလာ တက်တဲ့ သူတွေလဲ ရန်ကုန်မှာ ဆွေမျိုးရှိရင် **Night pass** တောင်းခံခွင့် ရှိပါတယ်။

ကျွန်တော်က အင်းစိန်မြို့မှာ နေတဲ့အတွက် တညင်(သန်လျင်) အင်းစိန်ကို နှစ်နာရီလောက် ကြာရင် သွားရောက်နိုင်ပေမဲ့ တစ်ပါတ်တစ်ခါ ပြန်ရင် လမ်းစရိတ် မရှိတဲ့အတွက် ငွေကုန်မှာ စိုးတာရယ်။ ကျောင်းမှာ နေရင် တီဗွီအစီအစဉ် ကောင်းကောင်း ကြည့်ခွင့်ရတာရယ်ကြောင့်( အိမ်မှာက တီဗွီ မရှိဘူးလေ) တစ်လမှ တစ်ခါ **Night pass** တောင်းပြီး အိမ်ပြန်လေ့ ရှိပါတယ်။

သင်တန်းဆရာတွေက မြန်မာလူမျိုးတွေဖြစ်ပေမဲ့ နည်းပြချုပ် တွေကတော့ နိုင်ငံခြားသား ဂျာမန်လူမျိုးတွေဖြစ်ပြီး ဌာနတစ်ခုမှာ တစ် ယောက်ကျ အုပ်ချုပ်ပါတယ်။ စည်းကမ်းပိုင်းဆိုင်ရာမှာ သေသပ်ဖို့ အတွက်နဲ့ ကိုယ်လက် ခန္ဓာ ကျန်းမာသန်စွမ်းဖို့အတွက် ကာယနဲ့ စစ်ရေးပြ ဆရာ တစ်ယောက် ခန့်ထားပါတယ်။ အိပ်ခန်းဆောင်ကနေ သင်တန်းဆောင်၊ ထမင်းစားရုံ၊ စာကြည့်ဆောင်တွေကို သွားရာမှာ စစ်သားတွေလို ဘယ်ညာ တန်းစီ ချီတက်ပြီး သွားရပါတယ်။ မနက် စောစော သင်တန်း မစခင်မှာ ကိုယ်လက် လေ့ကျင့်ခန်းလုပ်ရပါတယ်။ သင်တန်းခန်းမထဲ ဝင်နေချိန်တွေမှာ အိပ်ယာခင်းတွေ ခေါင်းအုံးတွေကို ဖြစ်သလို မထားရဘဲ စစ်သားတွေလို သေသေချာချာ ခေါက်ထားရပါတယ်။


စည်းကမ်းပိုင်း ဆိုင်ရာကို မလိုက်နာတဲ့သူတွေဟာ **Night pass Out pass** မထွက်ရဘဲ၊ အခန့် မသင့်ရင် အိမ်သာဆေး၊ မြက်ပေါက်၊ အမှိုက်ကျင်းတူး ရတဲ့ ပြစ်ဒဏ်တွေကို ခံရတတ်ပါတယ်။ ကျွန်တော်တို့ သင်တန်းသားတွေဟာ စည်းကမ်းထိန်းသိမ်းရေး ဆရာကို အလွန်ကြောက်ကြ ရပါတယ်။ သူ့ကြောင့် ကျွန်တော်တို့ စည်းကမ်း ရှိလာရခြင်းလဲဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ပထမဦးဆုံး ကျောင်းစဖွင့်ဖွင့်ချင်းမှာ သင်ကြား ပေးသွားတဲ့ စည်းကမ်း ထိန်းသိမ်းရေးဆရာ ( စစ်မှုထမ်းဟောင်း တပ်ကြပ် ကြီး) ဟာ အလုပ်ထွက်သွားတဲ့အတွက် သူ့ကိုယ်စား ဆရာတစ်ယောက်ပြီး တစ်ယောက် ပြောင်းခန့်ခဲ့ကြရပါတယ်။ တစ်ယောက် လာလိုက် ထွက် သွား လိုက် နောက်အသစ် တစ်ယောက် ထပ်ရောက်လာလိုက်နဲ့ စည်းကမ်းပိုင်း ဆိုင်ရာကို ထိန်းသိမ်းမဲ့ ဆရာ အမျိုးမျိုး ပြောင်းလဲနေခဲ့ပါ တယ်။

တစ်နေ့မှာတော့ ဆရာ အသစ် တစ်ယောက် ရောက်လာပါတယ်။ မနက် စောစော ကိုယ်လက်ကြံ့ခိုင်ရေး အချိန်မှာ ကတည်းက တန်းစီ လူစစ်တဲ့ အခါမှာ သင်တန်းသားတွေကို ဆဲဆိုကြိမ်းမောင်းပါတော့တယ်။ မကြားဝံ့ မနာသာ စကားတွေနဲ့ ဆဲဆိုတာမို့ ကျွန်တော် အပါအဝင် ကျောင်းသား အများစု စိတ်ဆိုး ဒေါသ ထွက်ကြရပါတယ်။

နေ့လည်ခင်း ထမင်းစားချိန်၊ ညနေ ထမင်းစားချိန်၊ ည စာကြည့် ချိန်တွေမှာလဲ အဲဒီဆရာဟာ ကျောင်းသားတွေကို ဘယ်ညာချီတက်ဖို့ အမိန့်ပေးရင်း ဆဲဆိုပါတယ်။ နေ့စဉ်ရက်ဆက် ဆဲဆို ဖန်များလာတဲ့အခါမှာ

သည်းမခံနိုင်တဲ့ အတွက် ဆရာရဲ့ မကောင်းသတင်းဟာ ကျောင်းသားတွေ အချင်းချင်း ကြားမှာ ရေပန်းစားလို့နေပါတယ်။

သိပ်မကြာခင်မှာ သတင်းတစ်ခု ကြားရပါတယ်။ အဲဒီဆရာ ခွေးလေးယားသီးစာ မိသွားတယ်ဆိုတဲ့ သတင်းပါဘဲ။ တစ်ယောက်ယောက်က သူ့ကို ခွေးလေးယားသီး သုတ်သွားတဲ့အတွက် ကျောင်းအုပ်ကြီးကို တိုင်ထားတဲ့ သတင်းဘဲဖြစ်ပါတယ်။ မနက်စောစော ကျောင်းသားတွေနဲ့ အတူတူ ကာယ လေ့ကျင့်ခန်းလုပ်နေတဲ့ အချိန်မှာ သော့ခတ်ထားတဲ့ သူ့အိပ်ခန်းထဲကို လေဝင်ပေါက်က တဆင့်ကျော်ဝင်ပြီး မျက်နှာသုတ်ပုဝါနဲ့ ယူနီဖောင်းအကျီကို ခွေးလေးယားသီး သုတ်သွားတာ ဖြစ်ပါတယ်။ လေ့ကျင့်ခန်းလုပ်ပြီး မောမောနဲ့ ပြန်လာရင်း ရေချိုးပြီးလို့ မျက်နှာသုတ်ပုဝါနဲ့ ကိုယ်ကို သုတ်အပြီး ယူနီဖောင်းဝတ်တဲ့ အချိန်မှာ မခံမရပ်နိုင်အောင် ယားယံလာတာမို့ ဒေါသထွက်ပြီး ကျောင်းအုပ်ကြီးကို တိုင်လိုက်တာ ဖြစ်ပါတယ်။



ကျောင်းအုပ်ကြီးက ကျောင်းသား တစ်ယောက်ချင်းကို ခေါ်စစ်ပါ တယ်။ တစ်လမှ တစ်ခါ **Night pass** ယူပြီး အင်းစိန်အိမ်မှာ ပြန်အိပ်လေ့ ရှိတဲ့ ကျွန်တော်ဟာ ကျောင်းအုပ်ကြီးက ခွေးလေးယားသီးအမှု ခေါ်စစ်တဲ့ နေ့မှာ အိမ်ပြန်ဖို့ ပြင်ဆင် နေတဲ့ နေ့ ဖြစ်နေပါတယ်။ အစစ်ဆေးခံဖို့ ကျောင်းအုပ်ကြီး ရုံးခန်းကို ဝင်လိုက်ချိန်တဲ့ အချိန်မှာ ကျွန်တော့်ကို မြင်တယ် ဆိုရင်ဘဲ “ဟေ့ – တရားခံကို မိပြီကွ၊ ခွေးလေးယားသီး သုတ်တာ မင်း မဟုတ်လား၊ မင်းရှေ့မှာ အစစ်ခံသွားတဲ့ သူတွေ အားလုံးက မင်း လုပ်တာလို့ ထွက်ဆို သွားကြတယ်။ အဲဒါ မင်း အပြစ်ကို မင်း ဝန်ခံပေတော့” ဆိုပြီး ကျောင်းအုပ် ကြီး က ဉပါယ်တမျှင် နဲ့ ပြောပါတယ်။

“ကျွန်တော် ခွေးလေးယားသီး သုတ်ဖို့ နေနေသာသာ အဲဒီ အ သီးကို မြင်တောင် မမြင်ဖူးပါဘူး ခင်ဗျာ” လို့ ပြန်ပြောတော့ ကျောင်းအုပ်ကြီး က “မကျေနပ်သေးဘူး၊ မင်းကို နောက်တစ်ခေါက် ထပ်စစ်မယ် ဒီနေ့ မင်း အိမ်ပြန်မလို့ မဟုတ်လား၊ မပြန်ရဘူး။ နေ့လည်ကျရင် မင်းကို ဒီအမှု ထပ်စစ် မယ်”လို့ ပြောပါတယ်။

ဒေါသ ထွက်လိုက်တာ ပြောမနေပါနဲ့တော့၊ ရုံးခန်းက ထွက်လာလာချင်း ကျွန်တော် ရုံးခန်းတံခါးကို စစ်ဖိနပ်နဲ့ ပြေးကန်လိုက်တာ “ဝုန်း” ဆိုတဲ့ အသံကျယ်ကြီးကြောင့် တခြားကျောင်းသားတွေ အကုန်လုံး လန့်ဖြန့် သွားကြပါတယ်။ ပဏာမ အဆင့်အနေနဲ့ ကျောင်းသား အားလုံးကို မေးမြန်း စစ်ဆေးတာ ဖြစ်ပါတယ်။

အဲဒီနေ့ကစပြီး မသင်္ကာတဲ့သူတွေ မှန်သမျှကို ဖင်ပြန်ခေါင်းပြန် စစ်ပါတော့တယ်။ ကျောင်းအုပ်ကြီး စစ်အပြီးမှာ မြန်မာ သင်တန်းဆရာတွေက ခွေးလေးယားသီးဘုတ် အဖွဲ့ဖွဲ့ပြီး စစ်ဆေးပြန်ပါတယ်။ ကျောင်းသားထဲက လူဆိုးစာရင်းဝင်တွေကို ထပ်တလဲလဲ စစ်ဆေးပါတယ်။ နောက်ဆုံး အဆင့်အနေနဲ့ ဌာနချုပ်က အထူးအဖွဲ့ဝင်တွေ ကျောင်းကိုလာပြီး စစ်ကြပါတယ်။ သူတို့ စစ်တဲ့အချိန်ကလဲ တကယ့် ရာဇဝတ်ကောင်တွေကို စစ်သလို ညသန်းခေါင်ကျော် အိပ်မောကျချိန်မှာ လာခေါ်ပြီး စစ်တာ ဖြစ်ပါတယ်။ သူတို့ မသင်္ကာဖြစ်တဲ့ သူတွေထဲမှာ ကျွန်တော်လဲ ပါပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ တပ်စုမှူး ဖြစ်နေလို့ပါဘဲ။ သင်တန်း ဖွဲ့စည်းပုံအရ စာတော်တဲ့ ကျောင်းသား သုံးယောက် အဆင့် ၁၊၂၊ ၃ ရတဲ့ သူတွေကို တပ်ခွဲမှူး၊ တပ်စုမှူး ရာထူး အနေနဲ့ ကျောင်းသား ခေါင်းဆောင် အဖြစ် ခန့်အပ်ထားပါတယ်။ တပ်စုမှူးတွေဟာ မနက်စောစော ကာယ လေ့ကျင့်ခန်းချိန်နဲ့ ည စာကြည့်ချိန်တွေမှာ တခြားကျောင်းသားတွေနဲ့ အတူ လိုက်လုပ်စရာမလိုဘဲ အခန်းစောင့် တာဝန်ယူရပါတယ်။ နေ့လည် သင်တန်းခန်းမ ထဲဝင်ချိန်တွေမှာတော့ တပ်စုမှူးက ကျောင်းသားတွေကို အမိန့်ပေးပြီး တန်းစီ လူစစ်တဲ့ တာဝန်ယူရပါတယ်။

ခွေးလေးယားသီး အခင်းဖြစ်ပွားတဲ့နေ့မှာ ကျွန်တော်ဟာ တပ်စုမှူးဖြစ်တဲ့အတွက် မနက်စောစော ကာယလေ့ကျင့်ခန်း လိုက်မလုပ်ဘဲ အဆောင်မှာ အခန်းစောင့်အနေနဲ့ တာဝန်ကျနေတာ ဖြစ်ပါတယ်။ ကျောင်းသားတွေနေဖို့ အဆောင် နှစ်ဆောင် ရှိတဲ့အတွက် တစ်ဆောင်မှာ တပ်စုမှူး တစ်ယောက်စီ တာဝန်ကျပြီး အိမ်သာ၊ အဆောင် အတွင်းအပြင်ကို သန့်ရှင်းရေး လုပ်ဖို့အတွက် တစ်ဆောင်ကို ကျောင်းသား ၅ယောက်စီဟာ အလှည့်ကျ ကာယ လေ့ကျင့်ခန်း လုပ်စရာမလိုဘဲ အဆောင်မှာ နေခဲ့ရပါတယ်။

ခွေးလေးယားသီး လုပ်ကြံမှုဟာ မနက်စောစော ကျောင်းသားတွေ အားလုံး ကာယလေ့ကျင့်ခန်း လုပ်တဲ့အချိန်မှာ ဖြစ်တဲ့အတွက် ကျွန်တော် တို့ ၁၂ ယောက်ဟာ (တပ်စုမှူး နှစ်ယောက်နဲ့ သန့်ရှင်းရေး ၁၀ယောက်) မသင်္ကာသူများ အဖြစ် သတ်မှတ်ခံရပြီး အမှု အစစ်ဆေးခံရတဲ့ အထဲမှာ ပါဝင် နေခဲ့ပါတယ်။

အမှု စစ်ဆေးနေတဲ့ အတောအတွင်းမှာ ကျွန်တော်ဟာ ငရဲကျနေသလို ခံစားနေရပါတယ်။ အဲဒီတုန်းက အသက် ၁၆ နှစ်ဘဲ ရှိသေးတဲ့ အတွက် အမှုထဲမှာ ပါပြီး ကျောင်းထုတ်ခံရမှာ အရမ်း စိုးရိမ်ခဲ့ပါတယ်။ အမှုစစ်ပြီးတဲ့နောက်မှာ စီရင်ချက်ချပါတယ်။ ကျောင်းထုတ်ခံရတဲ့ ကျောင်းသား မိဘတွေကို စာတိုက်ကနေ အကြောင်းကြားတဲ့အတွက် မိဘတွေဟာ လျော်ကြေးငွေ (အဲဒီခေတ်က ကျပ် တစ်သောင်း) ပိုက်ပြီး ကျောင်း လာထုတ်ရပါ တယ်။ ဒီ ကျောင်းတက်ဖို့အတွက် ဆယ်တန်းထွက်၊ အချိန်ကုန်ခံ၊ ငွေကုန်ခံပြီး လာခဲ့ရတာ ကြောင့် အဲဒီလို ကျောင်းထုတ် ခံရရင် ပညာရေး တပိုင်း တစနဲ့ အချိန်ကုန် သလို လျော်ကြေးငွေ ကျပ်တစ်သောင်း ပေးဖို့ ကျွန်တော့် မိဘတွေ မတတ်နိုင်ပါဘူး။

သင်တန်းချိန်အတွင်းမှာ မိဘတွေ လာတာကို စာသင်နေရင်းနဲ့ လှမ်းမြင်နေရပါတယ်။ စနေ၊ တနင်္ဂနွေလို နေ့မျိုးတွေမှာ မိဘတွေ လာတွေ့ရင် မုန့်ဖိုးနဲ့ စားစရာ သောက်စရာတွေ ရတော့မှာမို့ ကျွန်တော်တို့ ကျောင်းသားတွေ အရမ်း ပျော်ပါတယ်။ ဒါပေမဲ့ အခုလို ကြားရက် မှာ လာရင်တော့ ကျောင်းထုတ်စာ ရတဲ့အတွက် မိဘတွေက လျော်ကြေး ငွေနဲ့ ကျောင်းလာ ထုတ်တာမို့ မပျော်တဲ့အပြင် စိတ်ဓါတ် အကြီးအကျယ် ကျရပါတယ်။

ခွေးလေးယားသီး အမှုကြောင့် ကျောင်းထုတ်ခံရတဲ့ ကျောင်းသားကို ဘာမှ အသိမပေးဘဲ မိဘတွေကို တိုက်ရိုက်စာပို့ အကြောင်း ကြားတာ ဖြစ်တဲ့ အတွက် မိဘတွေက ကျောင်းကို လာအတွေ့ခံရတဲ့ ကျောင်းသားဟာ ကျောင်းထုတ်ခံရဖို့ ကျိန်းသေပါတယ်။ မိဘတွေကလဲ တစ်ရက်ထဲမှာ စုပြုံပြီး လာတာ မဟုတ်ဘူး။ တစ်ရက်ခြား နှစ်ရက်ခြား တကွဲတပြားစီ လာကြတာ ဖြစ်ပါတယ်။

သင်တန်း ခန်းမထဲမှာ စာသင်နေရင်း ကျောင်းဂိတ်ဝက တဆင့် ဝင်လာတဲ့ မိဘတွေကို မြင်လိုက်ရရင်ဘဲ ဘယ်သူ့ မိဘတွေလာတယ်။ သူတော့ ကျောင်းထုတ်ခံရတော့မယ် ဆိုတဲ့ အသိနဲ့ ကျောင်းသားတိုင်း ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေရတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီလိုနဲ့ ခွေးလေးယားသီး အမှုနဲ့ ကျောင်းသား ၅ယောက် ကျောင်းထုတ်ခံ ထိခဲ့ပါတယ်။ သူတို့ မိဘတွေလဲ လျော်ကြေးငွေ ကျပ်တစ်သောင်းစီ ပေးဆောင်ကြရသလို သူတို့လဲ ပညာရေးတပိုင်းတစနဲ့ ဒုက္ခရောက်ခဲ့ရပါတယ်။

ဘုရားသခင်ရဲ့ ကျေးဇူး တော်ပါဘဲ။ ကျွန်တော် ကျောင်းအထုတ် မခံခဲ့ရပါဘူး။ အဲဒီ သင်တန်းကျောင်း ကို ပြီးဆုံးတဲ့အထိ သုံးနှစ် တက်ခွင့် ရခဲ့ပြီး အဲဒီ သင်တန်း အောင်လက်မှတ်နဲ့ဘဲ စင်ကာပူနိုင်ငံမှာ အလုပ်လုပ်ခွင့် ရခဲ့ပြန်ပါတယ်။

ခွေးလေးယားသီးကြောင့် စိတ်အနှောက်အယှက် အကြီးအကျယ် ဖြစ်ခဲ့ရ၊ မျက်ရည် ကျခဲ့ရ၊ စိတ်သောက ရောက်ခဲ့ရ၊ ဝမ်းနည်းပိုကြွေးခဲ့ရတဲ့ ငယ်ဘဝ က ရှင်သန်မှု အထဲမှာ အတွေ့အကြုံ ဆန်းနဲ့ ဘုရားသခင်ရဲ့ မစခြင်း ကျေးဇူးတော် ခံစားခဲ့ရတာကို ကျွန်တော် ဒီ တစ်သက် မမေ့နိုင်ခဲ့ပါ။ ။

**မင်းအောင်သက်လွင်**

---

မည်သူမဆို စာမူများ ရေးသား ပေးပို့ နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin**
**Blk 76A , #30-02 Red Hill Road S'pore 151076**
**E.mail – min_atl@yahoo.com.sg Ph; (65) 81222320**